**(၁၃) ကြိမ်မြောက် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်ကော်မတီ အစည်းအဝေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ**

**နေပြည်တော်၊ နိုဝင်ဘာ ၁၀**

(၁၃) ကြိမ်မြောက် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်ကော်မတီ အစည်းအဝေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ၁၀-၁၁-၂၀၂၃ ရက်၊ နံနက်(၁၀:၀၀) နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၂)ရှိ ဗဟိုစာရင်းအင်းအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန နှင့် အကောက်ခွန်ဦးစီးဌာနတို့မှ အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်ကော်မတီ အောက်တွင် ဖွဲ့စည်းထားရှိသော လုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော်က ယနေ့အကြိုညှိနှိုင်းအစည်းအဝေးသည် ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်မှ ၂၄ ရက်နေ့ထိ ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်ကော်မတီ အစည်းအဝေးတွင် မြန်မာနိုင်ငံအနေဖြင့် ဆွေးနွေးတင်ပြရမည့် ကိစ္စရပ်များ၊ အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်အောက်ရှိ လုပ်ငန်းအဖွဲ့များ၏ စာရင်းအင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု၊ တိုးတက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကြိုတင်ညှိနှိုင်းပြင်ဆင်နိုင်ရန်ကျင်းပခြင်း ဖြစ်ပါကြောင်း၊ လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရန် ပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းအဖွဲ့ဝင်များက လုပ်ငန်းအဖွဲ့များအလိုက် ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြကြပြီး ဗဟိုစာရင်းအင်းအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်က (၁၃)ကြိမ်မြောက် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်ကော်မတီအစည်းအဝေး အစီအစဉ်များနှင့် အစည်းအဝေးတွင် တင်ပြမည့် Country Presentation အား ချပြဆွေးနွေးခဲ့ပြီး လုပ်ငန်းအဖွဲ့ဝင်များက ဝိုင်းဝန်း ဆွေးနွေးခဲ့ကြပါသည်။